**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**(၁၉)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်**

**(၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၆၃)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၇၇) ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံ တစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့

နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျွဲန်ခန်း၊ ချင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောတော်ပလဲ၊ ကရင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေး။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးထွန်းလွင်၊ ကချင်(၉)၊ ဆေးကုသ။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ဆေးစစ်ခံ။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေး။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်ရေးကိုယ်တာ။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ မိခင်ကိစ္စ။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆားရယ်၊ ကယား(၆)၊ ကိုယ်ရေးကိုယ်တာ။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ မြန်မာ-ဗီယက်နမ်တွေ့ဆုံပွဲ။ ဦးဆန်းရယ်၊ ကယား(၅)၊ မြန်မာ-ဗီယက်နမ်တွေ့ဆုံပွဲ။ ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်၊ တာဝန်။ ဗိုလ်မှူးအောင်နိုင်ဦး၊ တပ်မတော်၊ သင်တန်း။ ဦးသိန်းဆွေ၊ ဧရာဝတီ(၁၀)၊ ဇနီးကျန်းမာရေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ သင်တန်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ဗီယက်နမ် ကိုယ်စားလှယ်နဲ့တွေ့။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ မိခင်နာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးသက်၊ တနင်္သာရီ(၁)၊

ဒေသ ဖွံ့ဖြိုးရေး။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတိုးဝင်း၊ တနင်္သာရီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက် ရန်။ ဒေါက်တာဗညားအောင်မိုး၊ မွန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကျန်းမာရေး။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက် ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် အစားထိုးဖွဲ့စည်းထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ

ဦးဆွန်ဒုတ်ကျင့် အစား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ချိုဦး အား အစားထိုး ဖွဲ့စည်းထားခြင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြထားပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အစားထိုး ဖွဲ့စည်းထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို လွှတ်တော် က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ဥပဒေကြမ်းကော်မတီတွင် အစားထိုး ဖွဲ့စည်းထားသည့် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းများသည် သမ္မတရုံးဝန်ကြီး ဌာန(၄) ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာနှင့် နောင်မွန်းကျေးရွာအကြားရှိ စယ်လန့်-နောင်မွန်းကူးတို့ဆိပ်အား တရားဝင်လိုင်စင် အမြန်ဆုံးချပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးစိုင်းဝင်းမောင် က မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာနှင့် နောင်မွန်းကျေးရွာအကြားရှိ စယ်လန့်-နောင်မွန်း ကူးတို့ဆိပ်အား တရားဝင်လိုင်စင်အမြန်ဆုံးချပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝ နှုတ်ခွန်းဆက်သပြီးတော့ အားလုံး ကာယသုခ၊ စိတ္တသုခ၊ နှစ်ဖြာသောသုခအပေါင်းနဲ့ ထာဝစဉ်ပြည့်စုံခညောင်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ပြည်သူလူထုမှတစ်ဆင့် ကျွန်တော့်က မေးရမယ့်

မေးခွန်းကတော့ မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာနှင့် နောင်မွန်းကျေးရွာအကြားရှိ စယ်လန့်-နောင်မွန်း ကူးတို့ဆိပ်အား တရားဝင်လိုင်စင်အမြန်ဆုံးချပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ ကို ကြယ်ပွင့်ပြ မေးခွန်း အဖြစ်နဲ့ မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မူဆယ်မြို့နယ်အတွင်းမှာ ရှိတဲ့ စယ်လန့်ကျေးရွာနှင့် နောင်မွန်းကျေးရွာအကြားမှာ ရွှေလီမြစ်ကို ဖြတ်သန်းသွားလာ ကုန်စည် ပို့ဆောင်ပေးနေတဲ့ စယ်လန့်-နောင်မွန်း ကူးတို့ဆိပ်တစ်ခု ရှိပါတယ်။ အဲဒီကူးတို့ဆိပ်ဟာ တစ်ဖက်နိုင်ငံ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေတဲ့ ကူးတို့ဆိပ်မဟုတ်ဘဲ ပြည်တွင်းကူးတို့ဆိပ် တစ်ခုသာ ဖြစ်နေပါတယ်။ ဒါပေမယ့်လည်းပဲ အဲဒီ ကူးတို့ဆိပ်ဟာနိုင်ငံတော်ကနေပြီးတော့ တရားဝင် လိုင်စင်မချပေးနိုင်သေးတဲ့ ကူးတို့ဆိပ်အဖြစ် ယခုထက်အထိ ရပ်တည်နေတုန်း ဖြစ်ပါတယ်။ စယ်လန့်-နောင်မွန်း ကူးတို့ဆိပ်ကို နိုင်ငံတော်ကနေပြီးတော့ တရားဝင်လိုင်စင်ချပေးမှု ကြန့်ကြာလေလေ အောက်ပါ ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရလေလေ အခြေအနေမှာရှိနေပါတယ်။ ဘယ်လိုရင်ဆိုင်လဲ ဆိုတော့ (က) နိုင်ငံတော်မှထိုက်သင့်တဲ့ဘဏ္ဍာငွေရရှိမှု ဆုံးရှုံးနစ်နာခြင်း (ခ) တရုတ်ပြည်ကနေပြီးတော့ ပြည်တွင်း သို့၊ ပြည်တွင်းမှ တရုတ်ပြည်သို့ ကျောက်တင်ကားကြီးများ၊ ကုန်တင်ကားကြီးများ၊ ဒလဟော ဖြတ်သန်း သွားလာကုန်စည်ပို့ဆောင်နေတဲ့အတွက် လူတစ်စုအတွက်သာစီးပွားဖြစ် ဒေသဖွံ့ဖြိုးတိုးတက်မှု မရှိပါဘူး။ (ဂ) အလေးချိန်နှင့်နေတဲ့ ကားကြီး၊ ကားငယ်များ ခေါက်တုံ့ခေါက်ပြန် သွားလာနေတဲ့အတွက် ထို အနီး တဝိုက်မှာရှိတဲ့ မူဆယ်-နမ့်ခမ်း ပြည်ထောင်စုလမ်းမကြီး ပျက်စီးရခြင်း လည်းရှိပါတယ်။ (ဃ) တရား မဝင်တဲ့ ကူးတို့ဆိပ်ကနေပြီးတော့ တရားမဝင်တဲ့ ကုန်စည်ပစ္စည်းများ သယ်ဆောင် ပို့ဆောင်နိုင်ချေ ရာခိုင်နှုန်းများပါသဖြင့် ဒေသခံပြည်သူများ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ယိုယွင်းပျက်စီးခြင်းများ ရှိနေ ပါတယ်။

သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်အတွင်းမှာရှိတဲ့ ရွှေလီမြစ်ကိုဖြတ်သန်းသည့် စယ်လန့်-နောင်မွန်း ကူးတို့ဆိပ်အား တိုင်းပြည်အကျိုး၊ ဒေသအကျိုး၊ ဒေသခံပြည်သူတို့၏ အကျိုးအတွက် တရားဝင် လိုင်စင် အမြန်ဆုံးချပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရခြင်းဖြစ်ပြီးတော့ တရားဝင်လိုင်စင် အမြန်ဆုံးချပေးနိုင်ရေးအတွက် လည်း အလေးအနက် တိုက်တွန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဆိပ်ဖြူမြို့နယ်၊ မယ်ဇလီကွေ့ကျေးရွာတွင် ထန်းပင်ချောင်း ချောင်းအား ရေလှောင်တမံအဖြစ် ဆောက်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ဆိပ်ဖြူ မြို့နယ်၊ မယ်ဇလီကွေ့ကျေးရွာတွင် ထန်းပင်ချောင်း ချောင်းအား ရေလှောင်တမံအဖြစ် ဆောက်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသား

လွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ချောင်းမကြီးကျေးရွာအုပ်စု၊ မယ်ဇလီ ကွေ့ကျေးရွာမှာ ထန်းပင်ချောင်း ချောင်းအား ရေလှောင်တမံအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၊ ချောင်းမကြီး ကျေးရွာအုပ်စုတွင် ချောင်းမကြီးအရှေ့၊ ချောင်းမကြီးအနောက်၊ မယ်ဇလီကွေ့ကျေးရွာ၊ တူရွင်းမျှော ကျေးရွာဆိုပြီး ရွာ(၄)ရွာ တည်ရှိပါတယ်။ ၎င်းကျေးရွာများမှ မယ်ဇလီကွေ့ကျေးရွာမှာ ဆိုလို့ရှိရင် အိမ်ထောင်စု (၃၂၆)စု၊ လူဦးရေ(၁၁၆၈)ဦး နေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးကို အဓိကထားပြီး လုပ်ကိုင် ဆောင်ရွက်နေထိုင်ကြပါတယ်။ လယ်စိုက်ဧက လက်ရှိ(၁၆၄) ဧကရှိပြီး ရေလှောင်တမံ ဆောက်လုပ် ပေးပါက ယာ မှ လယ်ပြောင်းရေသွင်းစိုက်ဧက ပိုမိုတိုးတက်တိုးပွားလာမှာ ဖြစ်ပါတယ်။ လယ်(၁၆၄) ဧက အတွက် ၁၉၉၉ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်နဲ့ ယောချောင်းရေတင် စီမံကိန်း ပြုလုပ်ပြီး စိုက်ပျိုးရန် စီမံဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ပါဘူး။ ယခုလက်ရှိ အခြေအနေမှာ ထန်းပင်ချောင်း - ချောင်းဟာ ရေလာတဲ့အချိန်မှာ တောင်သူများက မိမိတို့ရဲ့နွားရှဉ်း များနဲ့ သဲနုန်းဘောင်များ ပေ(၇၅၀)ခန့် ကိုယ်ထူကိုယ်ထ ပြုလုပ်ကြပြီး ရေသွင်းစိုက်ပျိုးကြရပါတယ်။ အောင်ရေရသည်အထိ အကြိမ်ကြိမ် ဆောင်ရွက်ကြရပါတယ်။ ထန်းပင်ချောင်း-ချောင်းကို တစ်ဖက်ရပ် ဆည်ပြုလုပ်ပြီး မိုးကောင်းသောက်လယ်များအဖြစ် စိုက်ပျိုးနေကြရပါတယ်။ ဆိပ်ဖြူမြို့နယ်ရဲ့ မိုးရေ ချိန်မှာ နှစ်စဉ် (၁၃)လက်မကျော်ခန့်သာ ရွာသွန်းသဖြင့် သီးနှံများအောင်မြင်မှု မရရှိခဲ့ပါဘူး။

သို့ဖြစ်ပါ၍ တစ်ဖက်ရပ်ဆည်အားရေလှောင်တမံအဖြစ်ဆောင်ရွက်ပေးပါက စိုက်ပျိုးရေ ဖူလုံ လုံလောက်စွာရရှိပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ လက်ရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်နေတဲ့ သဲနုန်းဘောင် ၇၅၀ ပေ အား မြေသားဘောင်အရှည် ပေ(၁၅၀၀)ခန့်အား ထပ်ပိုး ဘောင်တင် ဆောင်ရွက်ရမည်လို့ ဒေသခံတောင်သူများမှ တင်ပြလာပါတယ်။ ထန်းပင်ချောင်း ချောင်း ကိုပိတ်၍ရေလှောင်တမံတည်ဆောက်ပေးပါက ဒေသခံပြည်သူများအတွက် စိုက်ရေး၊ ပျိုးရေး ပိုမို အကျိုးဖြစ်ထွန်းလာမှာဖြစ်ပါသဖြင့် မေးမြန်းလိုသည်မှာ ဆိပ်ဖြူမြို့နယ်၊ မယ်ဇလီကွေ့ကျေးရွာ တွင် ထန်းပင်ချောင်း ချောင်းအား ပိတ်ပြီး ရေလှောင်တမံ အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများနဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄) ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄))။** ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် မေးမြန်း ခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာနဲ့ နောင်မွန်းကျေးရွာ အကြားမှာရှိတဲ့ စယ်လန့်-နောင်မွန်း ကူးတို့ဆိပ်ဟာ ကူးတို့လုပ်ငန်း စမ်းသပ်ဆောင်ရွက်ခွင့်ပြုရန် စမ်းသပ်လေလံအမှုတွဲနဲ့အတူ ရှမ်း ပြည်နယ် စည်ပင်သာယာရေးဌာနခွဲ၊ လားရှိုးနဲ့ မူဆယ်မြို့နယ်၊ စည်ပင်သာယာရေးတို့မှ စာအမှတ် ၁၅၁၃/ က(၁)/ ရပစခွဲ(လရ) ဝ၂ဝ ဖြင့် ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနကို တင်ပြထားပြီး ဖြစ်ပါတယ်။ လှေဝင်ကူးတို့ဆိပ်လုပ်ငန်းဆောင်ရွက်ရန်အတွက် ဥပဒေ၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း များအရ ကူးတို့ဆိပ်နယ်နိမိတ်၊ ကူးတို့နယ်နိမိတ် သတ်မှတ်တဲ့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရပါမယ်။ စမ်းသပ်ကူးတို့လိုင်စင် လျှောက်ထားစဥ် ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေရေးဆွဲနေချိန် ဖြစ်တဲ့အတွက်ကြောင့် ဥပဒေအရ ကူးတို့နယ်နိမိတ်သတ်မှတ်တဲ့ အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ခြင်း မရှိခဲ့ပါ။ ယခုအခါမှာ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ထုတ်ပြန်ပြီး ဖြစ်တဲ့အတွက်ကြောင့် ဥပဒေနဲ့အညီ ကူးတို့နယ်နိမိတ်သတ်မှတ်တဲ့ အမိန့်ကြော်ငြာစာကို ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။

ကူးတို့နယ်နိမိတ်သတ်မှတ်တဲ့ အမိန်ကြော်ငြာစာ ထုတ်ပြန်ပြီးပါက စယ်လန့်-နောင်မွန်း ကူးတို့လုပ်ငန်းကို လိုင်စင်သစ်အဖြစ် ဈေးပြိုင်စနစ်နဲ့သော်လည်းကောင်း၊ စမ်းသပ်လိုင်စင်သစ် စနစ် အဖြစ်ဖြင့်သော်လည်းကောင်း ရောင်းချနိုင်ရေးအတွက်ကို အမှုတွဲဖွင့်လှစ်ပြီးတော့ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အမီ တရားဝင်လိုင်စင်အဖြစ် ရောင်းချနိုင်ရေးအတွက် စီစဥ်ဆောင်ရွက်လျက်ရှိပါ ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်ကပဲ ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ထန်းပင်ချောင်း တစ်ဘက်ရပ်ဆည်မှာ ဆိပ်ဖြူမြို့နယ်၊ ချောင်းမကျည်း ကျေးရွာအုပ်စု၊ မယ်ဇလီကွေ့ကျေးရွာအနီးမှာ တည်ရှိပြီးတော့ မြေပုံအညွှန်း ၈၄ L/၁၃-၀၄၀၄၆၂ ဖြစ်ပါတယ်။ ထန်းပင်ချောင်းအတွင်းမှာ ရေလှောင်တမံ တည်ဆောက်ပေးရန်ဆိုသည်မှာ အောက်ခံ ချောင်းကြမ်းပြင်ဟာ သဲချောင်းဖြစ်နေတဲ့အတွက်ကြောင့် ရေမနေတဲ့အပြင် မိုးတွင်းမှသာလျှင် ရေစီးဆင်းတဲ့ ချောင်းဖြစ်ပါတယ်။ ၎င်းအပြင် ရေစုဖို့ ရေဝပ် ဧရိယာနေရာ မရှိတဲ့အတွက်ကြောင့် တမံတည်ဆောက်၍ မရနိုင်ပါ။ ယာယီရေတားပြုလုပ်မည် ဆိုပါက ပိုလျှံရေကို ရေပိုလွှဲမှတစ်ဆင့် ချောင်းအတွင်းကို ပြန်ပြီးတော့ လွှဲပေးရမှာ ဖြစ်ပါတယ်။ သဲချောင်းအတွင်း အခိုင်အမာအဆောက်အဦ

ဆောက်လုပ်လို့မရပါ။ သို့ဖြစ်တဲ့အတွက်ကြောင့် သဲချောင်းအတွင်း လက်ရှိဒေသခံများ ဆောက်လုပ်ထားတဲ့ ချောင်းအတွင်းမှာ ရေလွှဲဆည်ကဲ့သို့ ယာယီအတားဖြင့် ပိတ်ပြီးတော့ မိုးရွာပြီးတော့ ရေလာလို့ရှိရင် ရေယူစိုက်ပျိုးပြီးတော့ ရေများလာလို့ရှိရင် ဖောက်ထုတ်ပစ်ရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ထန်းပင်ချောင်းအား ချောင်းရေပိတ်ပြီးတော့ ရေလှောင်တံမံ တည်ဆောက်၍ မရနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လားရှိုးမြို့နယ်၊ နမ့်ဆွမ်ချောင်းဖျား၌ စွမ်ဖုန်းတာ ကုမ္ပဏီလီမိတက်မှ စက္ကူစက်ရုံ တည်ဆောက်နေခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ ဦးစိုင်းစံမင်း က လားရှိုးမြို့နယ်၊ နမ့်ဆွမ်ချောင်းဖျား၌ စွမ်ဖုန်းတာ ကုမ္ပဏီလီမိတက်မှ စက္ကူစက်ရုံ တည်ဆောက်နေခြင်း နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သရင်းနဲ့ ကျွန်တော့်ရဲ့မေးခွန်းလေးကို တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို မေးမြန်းဖို့ ခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းလိုတာကတော့ လားရှိုးမြို့နယ်၊ နမ့်ဆွမ်ချောင်းဖျား၌ စွမ်ဖုန်းတာ ကုမ္ပဏီလီမိတက်မှ စက္ကူစက်ရုံ တည်ဆောက်နေခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ လားရှိုး-နမ္မတူကားလမ်း မိုင်တိုင်(၁၁/၀)၏ ယာဘက် မုံးရင်ရေလှောင်တံမံ၏ ဆည်အဝင်လမ်း(၂)မိုင်ခန့်မှ ယာဘက် (၁)ဖာလုံခန့်အကွာ မုံးရင်ရေလှောင်တံမံ၏ ရေဆင်းဇရိယာအတွင်းရှိ တမံ၏ အဓိက ရေဆင်းချောင်းဖြစ်သော နမ့်ဆွမ်ချောင်းဖျား၌ စွမ်ဖုန်းတာကုမ္ပဏီလီမိတက်မှ စက္ကူစက်ရုံ တည်ဆောက်လျက်ရှိပါတယ်။ စက္ကူစက်ရုံဟာ နမ့်ဆွမ်ချောင်း၏ တောင်ဘက်ဘေး မုံးရင်ရေလှောင်တမံ၏ ရေဝေရေလဲဇရိယာအတွင်းမှာ တည်ရှိပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ စက္ကူစက်ရုံအနေအထားနဲ့ သဘာဝပတ်ဝန်းကျင် တို့ကို သိရှိနိုင်ရန် Power Point နဲ့ တင်ပြခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်ခင်ဗျား။

ဒီပုံကတော့ ကျွန်တော်တို့ စက္ကူစက်ရုံရဲ့ ပင်မစက်ရုံ ဖြစ်ပါတယ်ခင်ဗျား။ အလျားပေ(၁၄၀)၊ အနံ(၆၆)ပေအရွယ် အဆောက်အဦတစ်လုံး ဖြစ်ပါတယ်။ ဒါကတော့ အလုပ်သမားတွေ နေထိုင်ဖို့ ဆောက်ထားတဲ့ ပေ(၁၃၀)၊ (၂၆)ပေ အရွယ်အစား တစ်ခုဖြစ်ပါတယ်ခင်ဗျား။ ဒါကလည်း သူတို့လုပ်ငန်းမှာ အသုံးပြုတဲ့ ကားတွေ၊ စက်ပစ္စည်းအကြီးစားတွေ ဖြစ်ပါတယ်ခင်ဗျား။ စက်ရုံမှာအခု သူတို့တပ်ဆင်ပြီးထားတဲ့ စက်ရုံအတွင်းမှာ အသုံးပြုဖို့ ဒါ ဘွိုင်လာ(၂)လုံး ဖြစ်ပါတယ်ခင်ဗျား။ ဒီကောင်ကတော့ လုပ်ငန်းမှာ အသုံးပြုဖို့ အရည်ညှစ်စက်(၂)လုံး ဖြစ်ပါတယ်ခင်ဗျား။ ဒ့ါအပြင် စက္ကူစက်ရုံသို့ လျှပ်စစ်မီးသွယ်တန်း တပ်ဆင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ လားရှိုး-နမ္မတူ လမ်းတစ်လျှောက်

တိုင်ထူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်ပြီး မုံးရင်ရေလှောင်တမံ၏ အဝင်လမ်းတစ်လျှောက်မှာ ဓာတ်တိုင် (၂၀)ခန့် စိုက်ထူပြီး ဖြစ်ပါတယ်။ ဒီပုံမှာ မြင်ရတဲ့ဟာကတော့ ကျွန်တော်တို့ အဲဒီ နမ့်ဆွမ်ချောင်းဖျားမှာ မြေသားတမံ ခန့်မှန်းခြေ အလျား(၅၀၀)ပေနဲ့ အမြင့်(၄၀)ပေနဲ့ သူတို့ လုပ်ထားတဲ့ တမံဖြစ်ပါတယ် ခင်ဗျား။ ဒါကတော့ သူတို့ မြေသားတမံလုပ်ထားပြီးတော့ ရေသိုလှောင်ထားတဲ့ ပုံဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ တမံမှာ သူတို့လုပ်ထားတဲ့ ရေပိုလွှဲမြောင်းတစ်ခု ဖြစ်ပါတယ်ခင်ဗျား။ ရေဆိုးသန့်စင်ရန် အတွက် ရေစစ်ကန်တူးဖော်ခြင်းလုပ်ငန်းအား စက္ကူစက်ရုံနဲ့ နမ့်ဆွမ်ချောင်းကြားတွင် မြေသားရေကန် (၄)ခု တူးဖော်ဆောင်ရွက်ထားပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေလှောင်တမံဖြင့် ရေလှောင်၍ စက္ကူစက်ရုံတွင် အသုံးပြုမည် ဖြစ်ပါသောကြောင့် ရေရဲ့ အရည်အသွေး ပြောင်းလဲသွားနိုင်ပြီး စွန့်ပစ်ရေများအား ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ခြင်း မရှိပါက စက်ရုံရဲ့ အနီးပတ်ဝန်းကျင်မှာ ရေနဲ့မြေ ညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်ပြီး၊ ပတ်ဝန်းကျင်နဲ့ ချောင်းတစ်လျှောက်တွင်လည်း သစ်ပင်ပေါက်ရောက်မှုနဲ့ ဇီဝမျိုးစုံမျိုးကွဲများအပေါ် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ် လာနိုင်ပါတယ်။ စက်ရုံအတွက်လိုအပ်သော ဝါးကုန်ကြမ်းများအား မုံးရင်ရေဝေရေလွှဲ ဧရိယာအတွင်းမှ ထုတ်ယူသုံးစွဲပါက ရေဝေရေလဲဧရိယာအတွင်းရှိ သဘာဝတောများ ပျက်စီး၍ သဘာဝပတ်ဝန်းကျင် ထိခိုက်လာနိုင်ပါတယ်။ ထို့အပြင် ကျောက်မီးသွေးသုံး ဘွိုင်လာများအား အသုံးပြုခြင်းဖြင့် စက္ကူစက်ရုံမှ ထွက်ရှိလာမယ့် ရေများကြောင့် စက္ကူစက်ရုံရဲ့ အောက်ဘက်မှာရှိတဲ့ နမ့်ဆွမ်ကျေးရွာမှ အိမ်ထောင်စု(၃၅)စု၊ မိုင်းတောင်ကျေးရွာမှ အိမ်ထောင်စု(၄၅)စု၊ နမ့်လင်းလုံကုန်းပေါင်းကျေးရွာမှ အိမ်ထောင်စု(၃၀)စု၊ စုစုပေါင်း အိမ်ထောင်စု (၁၁၀)စုတို့အတွက် ရေရဲ့ အရည်အသွေး ကျဆင်းမှုနဲ့အတူ သဘာဝပတ်ဝန်းကျင် ကျန်းမာရေးနဲ့ လူမှုရေးဆိုင်ရာများအပေါ် ထိခိုက်ပျက်စီးမှု၊ သစ်တောသယံဇာတ ရေ၊ မြေ၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်များ မလွဲဖြစ်ပေါ်လာနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံလူထုအနေဖြင့် စက္ကူစက်ရုံတည်ဆောက်မှုမှာ ဓာတုပစ္စည်းများ သုံးစွဲမှုမရှိဘဲ လုပ်ငန်းဆောင်ရွက်ရန် ကျေးရွာလူထုအတွက် သောက်သုံးရေရရှိရေးနဲ့ လမ်းပန်းဆက်သွယ်ရေးကိစ္စများ ဆောင်ရွက်ပေးပြီး၊ ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ထိန်းသိမ်းနိုင်မယ့်နည်းလမ်းများအား စက္ကူစက်ရုံမှ တာဝန်ရှိပုဂ္ဂိုလ်များ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အောက်ပါမေးခွန်းတို့ကို မေးမြန်းရခြင်း ဖြစ်ပါတယ် -

(က) စက်ရုံတည်ဆောက်ရန်အတွက် စီမံချက်များ စနစ်တကျရေးဆွဲဆောင်ရွက် တင်ပြထားခြင်း ရှိ၊ မရှိ နှင့် သက်ဆိုင်ရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့၏ စစ်ဆေးလမ်းညွှန်မှု၊ သက်ဆိုင်ရာ ခွင့်ပြုမိန့်များ ရှိ၊ မရှိ သိရှိလိုပါတယ်။

(ခ) ကျောက်မီးသွေးသုံး ဘွိုင်လာများ အသုံးပြုခြင်းနှင့် စက္ကူစက်ရုံမှ ထွက်ရှိလာမည့် ရေများကြောင့် စက္ကူစက်ရုံအောက်ဘက်ရှိ ရွာများမှ စုစုပေါင်းအိမ်ထောင် (၁၁၀)ကျော်တို့အတွက် ရေ အရည်အသွေးကျဆင်းမှုနဲ့အတူ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာများအပေါ် ထိခိုက်ပျက်စီးမှု သက်ရောက်မှုများ ကြိုတင်ကာကွယ်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ သိရှိလိုပါတယ်။

(ဂ) စက္ကူစက်ရုံလုပ်ငန်း စီမံချက်အရ ပျော့ဖတ်အဆင့်သာမကဘဲ စက္ကူအဆင့်အထိ ထုတ်လုပ်မယ်ဆိုပါက နောင်တစ်ချိန်တွင် ဓာတုပစ္စည်းများ သုံးစွဲလာပါက မည်ကဲ့သို့ ကြိုတင်ကာကွယ်ဆောင်ရွက်မှုအမျိုးမျိုး ပြုလုပ်သွားမည်ကို သိရှိလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၆။**

**ဦးမျိုးအောင် (ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး နှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ရှေးဦးစွာမေတ္တာ ပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပါတယ်။ ယခု ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနရဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လားရှိုးမြို့နယ် စက္ကူစက်ရုံဟာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ လားရှိုး-နမ့်တူ ကားလမ်း၊ မိုင်တိုင်(၁၁/၀)၏ ယာဘက်လွယ်တောက်ကျေးရွာအုပ်စု၊ နမ့်ဆွမ်ချောင်းအနီး စွမ်ဖုန်းတာ ကုမ္ပဏီလီမိတက်မှ တည်ဆောက်ဆဲ စက်ရုံဖြစ်ပါတယ်။ စွမ်ဖုန်းတာကုမ္ပဏီလီမိတက်အနေနဲ့ စက္ကူ စက်ရုံတည်ဆောက်ရန် စီမံချက်များ စနစ်တကျရေးဆွဲ တင်ပြဆောင်ရွက်ခြင်း၊ စက္ကူစက်ရုံ တည်ဆောက်ခြင်း မပြုမီ ပတ်ဝန်းကျင်ရှိ ကျေးရွာလူထု အမြင်သဘောထားများ ရယူဆောင်ရွက်ခြင်း၊ စက္ကူစက်ရုံ တည်ဆောက်မှု၊ စက်တပ်ဆင်မှုများ ဆောင်ရွက်ခြင်းအတွက် သက်ဆိုင်ရာဌာနများမှ ခွင့်ပြုမိန့်များ ရရှိထားခြင်း မရှိကြောင်း တွေ့ရှိရပါတယ်။

စက်ရုံများ တည်ဆောက်လိုပါက သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်၊ ခွင့်ပြုချက်ရယူခြင်း၊ လိုအပ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ရရှိရေးတို့ကို တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်း များနဲ့အညီ ရယူဆောင်ရွက်သွားရန် လိုအပ်ပါတယ်။ စက္ကူစက်မှာ တည်ဆောက်ဆဲကာလဖြစ်သဖြင့် ဘွိုင်လာများ တပ်ဆင်ထားခြင်း မရှိသေးခြင်း၊ တည်ဆောက်မှုများ မပြီးစီးသေးသဖြင့် စက်ရုံလည်ပတ် နိုင်ခြင်းမရှိဘဲ စက်ရုံမှရေဆိုးများ စွန့်ထုတ်မှု မရှိသေးသော်လည်း စက်ရုံလည်ပတ်ပါက စွန့်ပစ်ရေဆိုး များ ထွက်ရှိမှုကြောင့် အိမ်ထောင်စု(၁၀၀)ကျော် အသုံးပြုမည့် နမ့်ဆွမ်ချောင်း၏ ရေအရည်အသွေး ကျဆင်းမှုနဲ့ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေနိုင်ရာ အဆိုပါ ထိခိုက်မှုများကို ကြိုတင် ကာကွယ်ဆောင်ရွက်ရန် အစီအမံများ ဆောင်ရွက်ထားခြင်း မရှိကြောင်း သိရှိရပါတယ်။

တည်ဆောက်ဆဲ စက္ကူစက်ရုံသည် ပျော့ဖတ်အဆင့်သာမက စက္ကူအဆင့်အထိ ထုတ်လုပ်မည်ဆိုပါက ဓာတုပစ္စည်းများကို သုံးစွဲရမည်ဖြစ်၍ အောက်ပါအတိုင်း ကြိုတင်စီမံဆောင်ရွက်မှုများ ပြုလုပ်သွားရန် လိုအပ်တယ်။

(က) တည်ဆောက်မည့် စက္ကူစက်ရုံ၏ လုပ်ငန်းသဘာဝအရ ဓာတုပစ္စည်းများ အသုံးပြုခြင်း၊ ရေဆိုးများထွက်ရှိ စွန့်ပစ်ခြင်း၊ ဘွိုင်လာတွင် ကျောက်မီးသွေး အသုံးပြုခြင်းတို့ကြောင့် ပတ်ဝန်းကျင်ထိခိုက်စေနိုင်ပါ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အကဲဖြတ်ဆန်းစစ်ခြင်းနဲ့ လူမှုစီးပွားဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ တိကျစွာလိုက်နာဆောင်ရွက်စေရန်။

( ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအမံများ ဆောင်ရွက်ရာတွင် ထုတ်လုပ်မှုနည်းစဥ်အရ ထွက်ရှိမည့် စွန့်ပစ်ရေဆိုးများကြောင့် ပတ်ဝန်းကျင်ထိခိုက် ညစ်ညမ်းမှု မရှိစေရေးအတွက် Waste Water Treatment System ကို တည်ဆောက်အသုံးပြုရန်။

( ဂ) ကျောက်မီးသွေး ဘွိုင်လာများ အသုံးပြုခြင်းကြောင့် ထွက်ရှိလာမည့် ဓာတ်ငွေ့များ ဆာလဖာ၊ နိုက်ထရိုဂျင်နှင့် ကာဗွန်အခြေခံဓာတ်ငွေ့များကို လျှော့ချစေနိုင်သော အလိုအလျောက် လောင်ကျွမ်းမှု ထိန်းချုပ်သည့်စနစ် (Automatic Combustion Control System) ကို တပ်ဆင်အသုံးပြုစေရန်။

(ဃ) ကျောက်မီးသွေးဘွိုင်လာမှ ထွက်ရှိလာမည့် မီးခိုးပြာများကို ပတ်ဝန်းကျင်သို့ ပျံ့လွင့်စေရေးမရှိရန် Dust Collector များ တပ်ဆင်အသုံးပြုစေရန်။

ရှမ်းပြည်နယ်အစိုးရအနေနဲ့ လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးဌာန၊ ခရိုင်သစ်တောဦးစီးဌာန၊ ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနဲ့ စစ်ဆေးရေးဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနတို့ ပါဝင်သော ဌာနဆိုင်ရာအဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးစေခဲ့ပြီး စက္ကူစက်ရုံတည်ဆောက်ခွင့်အား တင်ပြဆောင်ရွက်ထားမှု မရှိခြင်း၊ ခွင့်ပြုချက်မရဘဲ တည်ဆောက်ခြင်း၊ နမ့်ဆွမ်ချောင်းဖျားတွင် မြေသားတမံ ပိတ်၍ ရေလှောင်ထားခြင်း၊ မုံရင်ဆည် ရေဝေရေလဲဧရိယာအတွင်း ခွင့်မပြုသင့်ခြင်းတို့ကြောင့် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်နေ့တွင် လုပ်ငန်းတည်ဆောက်မှုကို ရပ်ဆိုင်းရန် ညွှန်ကြားခဲ့ပါတယ်။

ထို့အပြင် စက္ကူစက်ရုံပိုင်ရှင် ဦးယွီစုန်းဖူး ထံသို့လည်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ (၂၂) ရက်စွဲပါစာဖြင့် စက္ကူစက်ရုံလုပ်ငန်း ဆောင်ရွက်နေခြင်းအား ချက်ချင်းရပ်ဆိုင်းထားရန်နှင့် လုပ်သားများ လုံးဝထားရှိခြင်း မရှိရန်နှင့် ထပ်မံကျူးလွန်ပါက ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်းကို ထပ်မံညွှန်ကြားခဲ့ပါတယ်။ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၃)ရက်နေ့တွင် စက်ရုံအခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ရာ လုပ်ငန်းတည်ဆောက်မှုများ ရပ်ဆိုင်းထားပြီး အစောင့်(၁)ဦးသာ တွေ့ရှိရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့လေကြောင်းဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြန်မာ့လေကြောင်း ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးညွှန့်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ချစ်ခင်ရိုသေလေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ပထမဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာ့လေကြောင်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။

မြန်မာ့လေကြောင်းအနေနဲ့ လက်ရှိလိုက်နာကျင့်သုံးလျက်ရှိတဲ့ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အက်ဥပဒေ ၁၉၅၂ ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉ မှာ ခေတ်စနစ်နဲ့ လိုက်လျောညီထွေ မရှိတော့ပါသဖြင့် ၎င်းဥပဒေကို ရုပ်သိမ်း၍ Corporatization အသွင်ပြောင်းလဲဆောင်ရွက်ရာ၌ လိုက်နာကျင့်သုံးမည့် မြန်မာ့လေကြောင်း ဥပဒေမူကြမ်းအား ပြဋ္ဌာန်းရန်ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနရှိ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း တစ်ခုဖြစ်သည့် မြန်မာ့လေကြောင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ကျခံသုံးစွဲခြင်း မပြုဘဲ မိမိဝင်ငွေဖြင့် ရပ်တည်ဆောက်ရွက်လျက်ရှိရာ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ Corporatization အသွင်ပြောင်းလဲ ဆောင်ရွက်ရာ၌ လိုက်နာကျင့်သုံးနိုင်ရန်အတွက် ခေတ်နဲ့အညီ ရေးဆွဲထားသော ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် အဆိုပါဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော်မှ စဉ်းစားဆွေးနွေးပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးထွန်းဇော်၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာ့လေကြောင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းအပေါ် ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော် က ထောက်ခံပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့လေကြောင်း ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့လေကြောင်း ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ မြန်မာ့လေကြောင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

မြန်မာ့လေကြောင်း ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြန်မာ့လေကြောင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာ့လေကြောင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့လေကြောင်း ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၃-၂၀၁၄ ရက် (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်း ကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးညာဏ်ထွန်းအောင် (ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့် အနေဖြင့် ဆက်လက်ပြီး ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ၊ သီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသား လွှတ်တော်သို့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ Cape Town Convention သည် တန်ဖိုးကြီးမားပြီး ရွှေ့ပြောင်းနိုင်သည့် စက်ပစ္စည်းများ ငှားရမ်းခြင်း၊ ရောင်းချခြင်းနဲ့ ဝယ်ယူခြင်းများ ပြုလုပ်ရာတွင် နိုင်ငံတကာအကျိုးစီးပွား International Interest ကို ကာကွယ်ရန် စည်းမျဉ်းစည်းကမ်းများ သတ်မှတ် ပြဋ္ဌာန်းထားသော သဘောတူညီချက် ဖြစ်ပါတယ်။ Air-craft Protocol သည် Convention ပါ စည်းမျဉ်း စည်းကမ်းများနဲ့အညီ လေယာဉ်ငှားရမ်းခြင်း၊ ရောင်းချခြင်းနဲ့ ဝယ်ယူခြင်း တို့အတွက် နှစ်ဦး နှစ်ဖက် သဘောတူညီမှုရယူပြီး လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများဖြစ် ပါတယ်။ Cape Town Convention နှင့် Air-craft Protocol တို့တွင် မြန်မာနိုင်ငံဝင်ရောက်ခဲ့ရာ UNIDROIP မှ ၃-၁၂-၂၀၁၂ ရက်နေ့တွင် မြန်မာနိုင်ငံကို စာချုပ်ဝင်နိုင်ငံအဖြစ် သတ်မှတ်ပြီး ဖြစ်ပါတယ်။

အဆိုပါ Cape Town Convention နှင့် Air-craft Protocol တို့အား လိုက်နာ ဆောင်ရွက်ရန်အတွက် ဥပဒေပြဋ္ဌာန်းရခြင်း ဖြစ်ပါတယ်။ ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်နဲ့ ဆက်စပ်ပစ္စည်းများကို ပြည်ပမှ ဝယ်ယူငှားရမ်း အသုံးပြုရာတွင် နစ်နာမှုများ မရှိစေရေးအတွက် Cape Town Convention နှင့် ဒီ Air-craft Protocol အား လိုက်နာကျင့်သုံးနိုင်ရန်အတွက် အဆိုပါ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်။ အမျိုးသားလွှတ်တော် မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးညာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တင်သွင်းသွားခဲ့တဲ့ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာ များနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်း အဆိုကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားသင့်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးညာဏ်လင်း က ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုး စီးပွားများ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများ နှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကို လက်ခံဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ရွှေ့လျားနိုင်သောပစ္စည်း ကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များ ဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

ရွှေ့လျားနိုင်သောပစ္စည်း ကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များ ဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ရွှေ့လျားနိုင်သောပစ္စည်း ကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များ ဆိုင်ရာနိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ ရွှေ့လျားနိုင်သောပစ္စည်း ကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ဆွေးနွေးမယ့်လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၇-၃-၂၀၁၄ ရက် (သောကြာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၄၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၀း၄၇ နာရီတွင် ရပ်နားပြီး ၁၁း၀၅ အချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၆။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့သရင်းနဲ့ ကျွန်မ ဂါရဝပြုပါတယ်။ ကျွန်မကတော့ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီရဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ်မှာ အနည်းငယ် အကြံပြုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒီအစီရင်ခံစာမှာတော့ လုပ်ငန်းတာဝန်များဆိုတဲ့ ဖော်ပြချက်၊ တင်ပြချက်မှာ ဘာတွေ ပါသလဲ ဆိုတဲ့အခါကျတော့ သူက ဆောင်ရွက်မှုစီမံကိန်းများ၏ ယေဘုယျအကျိုး သက်ရောက်မှု၊ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှု၊ နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များနှင့် သယံဇာတပစ္စည်းများ ထုတ်ယူ သုံးစွဲမှု၊ နောက်ပြီးတော့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနဲ့ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဆောင်ရွက်မည့်အစီအမံများ လို့ပါပါတယ်။ ဒါတွေဟာ လုပ်ရမယ့် လုပ်ငန်းတာဝန်များထဲမှာ ဒါတွေ

ပါတယ်ဆိုတဲ့အခါကျတော့ ကျွန်မက နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များနှင့် သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲမှုနဲ့ ပတ်သက်ပြီးတော့ အနည်းငယ်ဆွေးနွေးမှာပါ။ အဲဒါကတော့ ဘာလဲဆိုတဲ့အခါ ကျတော့ ကျွန်မတို့ ထောင်စုနှစ်ရည်မှန်းချက်မှာလည်း ကျွန်မတို့ စားနပ်ရိက္ခာဖူလုံမှုနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ပါ ပါတယ်။ ကျွန်မတို့ အာဆီယံမှာလည်း စားနပ်ရိက္ခာ ဖူလုံမှုနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ပါ ပါတယ်။ ကျွန်မတို့နိုင်ငံလည်း လောလောဆယ် ဒါတွေကို ဦးစားပေးပြီး နိုင်ငံတော်က ဆောင်ရွက်နေတဲ့ အချိန်ဖြစ်ပါတယ်။

အဲဒီအချိန်မှာ ရေဟာဆိုလို့ရှိရင် ကျွန်မတို့ သက်ရှိ၊ သက်မဲ့ အားလုံးအတွက် အင်မတန် အရေးပါတဲ့၊ အသက်သခင်လို့တောင် ပြောလို့ရတဲ့ အခြေအနေမှာ ရှိပါတယ်။ အဲဒီတော့ ရေအရင်း အမြစ် စီမံခန့်ခွဲရေးနဲ့ စားနပ်ရိက္ခာဖူလုံရေးဟာ တစ်ခုနဲ့တစ်ခု အညမည ဖြစ်နေတဲ့ အခါကျတော့ ဒီရေရဲ့ အခန်းကဏ္ဍကို ကျွန်မ တင်ပြဆွေးနွေးချင်ပါတယ်။ ကျွန်မတို့ ကမ္ဘာမှာ လူဦးရေသန်းပေါင်း နှစ်ပေါင်း(၇၀)အတွင်းမှာ (၃)ဆ ဒါလူဦးရေတိုးလာပေမယ့် ကမ္ဘာ့ ရေသုံးစွဲမှုကတော့ (၆)ဆအထိ တိုးလာတယ်လို့ ဆိုပါတယ်။ အခု ကမ္ဘာ့ရေချိုပမာဏရဲ့ (၉၀)ရာခိုင်နှုန်းကို သုံးစွဲကြမယ်ဖြစ်ပြီးတော့ ခရာဇ်သက္ကရာဇ် ၂၀၃၀ ရောက်တဲ့အချိန်ကျလို့ရှိရင် ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ ဒီ ရေ ပြဿနာ ပေါ်ပေါက်ပြီးတော့၊ ရေပြဿနာနဲ့ ပတ်သက်ပြီးတော့ လူမှုရေး၊ စီးပွားရေးတို့အပေါ်မှာ သိသာထင်ရှားတဲ့ ဆိုးကျိုးများ သက်ရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂမှထုတ်တဲ့ ကမ္ဘာ့ရေဖွံ့ဖြိုးမှု အစီရင်ခံစာမှာ ဖော်ပြထားကြောင်းနဲ့ နောင်တစ်ချိန်မှာ ရေနံကြောင့်မဟုတ်ဘဲနဲ့ ရေကြောင့် ပဋိပက္ခ တွေတောင်မှ ဖြစ်နိုင်တယ်ဆိုပြီးတော့ သုံးသပ်တင်ပြ ထားတာကို လေ့လာတွေ့ရှိရပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံမှာလည်း ရေနဲ့ပတ်သက်ပြီးတဲ့ အခါကျတော့ လောလောဆယ်မှာ နိုင်ငံတကာအကူအညီ ဒီနိုင်ငံအတွင်းကရော အကုန်လုံးပူးပေါင်းပြီးတော့ ဆောင်ရွက်နေကြတာ ရှိပါတယ်။ သို့သော်လည်း ကျွန်မဒီမှာ ကြုံကြိုက်တဲ့ အခြေအနေကြောင့်မိုလို့ စင်ကာပူနိုင်ငံရဲ့ ရေနဲ့ပတ်သက်တဲ့ သုံးစွဲမှုကို အနည်းငယ်တင်ပြချင်ပါတယ်။ ဒါကတော့ စင်ကာပူနိုင်ငံဟာ အင်မတန် ဧရိယာသေးငယ်ပြီးတဲ့အခါကျတော့ ငါးနဲ့ ရေနက်ဆိပ်ကမ်းကလွဲပြီးတော့ ကျန်တဲ့ သဘာဝ အရင်း အမြစ်တွေ ဘာမှမရှိတဲ့နိုင်ငံဖြစ်တယ်ဆိုတာ လေ့လာတွေ့ရှိရပါတယ်။ နောက်ပြီးတော့ မြေအောက် ရေကိုလည်း ဘယ်သူမှ သုံးစွဲခွင့်မပြုတဲ့အပြင် မိုးရေကိုလည်း နိုင်ငံတော်အစိုးရကပဲ ပိုင်ဆိုင်တယ်လို့ သူတို့က သတ်မှတ်ထားပါတယ်။ အဲဒါ စင်ကာပူနိုင်ငံ အတွင်းမှာရှိတဲ့ အဆောက်အဦအားလုံးကို ဆောက်လုပ်ကတည်းကပဲ မိုးရေခံယူနိုင်ရန်နဲ့ သွယ်ယူနိုင်ရန်အတွက် ရေတံလျှောက်နဲ့ပိုက်တွေကို စီစဥ်ထားရှိတယ်လို့ သိရပါတယ်။

အဲဒီမိုးရေအားလုံးကို စီစဥ်ထားတဲ့ ပိုက်တွေနဲ့ ရေလှောင်ကန်ကြီးများကို ပို့ဆောင်ရတဲ့ အပြင် ဒါအဆောက်အဦများ ဆောက်လုပ်ပြီးလို့ရှိရင်လည်း သတ်မှတ်ချက်များနဲ့ ကိုက်ညီမှုရှိ/မရှိ သက်ဆိုင်ရာက လာရောက် ပြီးတော့၊ အဲဒီအဆောက်အဦကို လာပြီးတော့၊ ဆောက်လုပ်ထားတာကို လာပြီးတော့ စစ်ဆေးတယ်လို့ သိရပါတယ်။ နောက်ပြီးတော့ လမ်းနဲ့ ပလက်ဖောင်းများမှာ လမ်းပေါ်နဲ့၊ ပလက်ဖောင်းများနဲ့၊ အခြား မြေပြင်ပေါ်ကိုကျရောက်တဲ့ မိုးရေများကိုလည်း ရေမြောင်းတွေနဲ့ အဲဒီ ရေလှောင်ကန်ကြီးများကိုပဲ ပို့ပေးတယ်ဆိုပြီးတော့ လေ့လာသိရှိရပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ မြေပေါ် ရေပမာဏရဲ့ စုစုပေါင်းက (၁၀၈၁.၈၈၅) ကုဗကီလိုမီတာရှိပြီးတော့၊ မြေအောက် ရေပမာဏ ကလည်း

(၄၉၄.၇၁၃) ကုဗကီလိုမီတာ ရှိတဲ့အတွက်ကြောင့်မို့လို့ စုစုပေါင်းရေပမာဏ (၁၅၇၆.၅၉၈)ကုဗကီလိုမီတာ ရှိတဲ့အတွက် ရေအရင်းအမြစ် ပေါများကြွယ်ဝတယ်လို့ လေ့လာသိရှိရပါတယ်။

ဒါပေမဲ့ မြေအောက်ရေတွေကို အကန့်အသတ်မရှိ တရားလွန် ထုတ်ယူသုံးစွဲပါက ရေအရည်အသွေး ဆုတ်ယုတ်လာပြီး သောက်သုံးရန် မသင့်လျော်တဲ့ အခြေအနေကို ရောက်သွားနိုင်တယ်လို့လည်း အခုတော့ အကုန်လုံးနားလည် နေကြတာ ဖြစ်ပါတယ်။ ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီးမှာ အစတုန်းက ရေချိုအဖြစ်ရှိနေတဲ့ မြို့နယ်တချို့ဟာ အခုဆိုလို့ရှိရင် ရေငန်တွေဝင်ပြီးတဲ့အခါကျတော့မှ အငန်ပေါက်သွားတဲ့ မြို့နယ်ကတော့ ကျွန်မတို့ဆီမှာ အလုံမြို့နယ်က အဝီစိတွင်းတချို့ပေါ့နော်။

နောက်တစ်ခါ ရေငန်တိုးဝင်မှုကြောင့် ပုစွန်တောင်၊ ဗိုလ်တစ်ထောင်မြို့နယ်များနဲ့ လှိုင်သာယာစက်မှုဇုန်တွေမှာလည်း အဝီစိတွင်း တချို့ ပျက်စီးခဲ့တာကို တွေ့ရပါတယ်။ နောက်အဲဒီအခါကျတော့ အဝီစိတွင်း တူးမယ်ဆိုလို့ရှိရင် ရေအောင်းတဲ့ ပမာဏအပေါ်မှာ မူတည်ပြီးတော့လည်း ဆုံးဖြတ်ရမယ်။ နောက်တစ်ခါ မြစ်ကမ်းစပ်နဲ့အနည်းဆုံး ပေ (၁၀၀၀)အကွာမှာ တူးသင့်ကြောင်းလည်း လေ့လာသိရှိရပါတယ်။ ရေကို စည်းကမ်းစနစ်တကျ ထုတ်ယူသုံးစွဲမှု မပြုလုပ်လို့ရှိရင် နောင်တစ်ချိန် ရန်ကုန်မြို့ရဲ့ မြေအောက် ရေအရည်အသွေးဟာ ဆုတ်ယုတ်မှု ပိုမိုဆိုးဝါးလာနိုင်ကြောင်း သိရပါတယ်။ ရေသုံးစွဲမှုနဲ့ပတ်သက်ပြီး စီမံခန့်ခွဲမှုများ ရေအရင်းအမြစ် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ပြည်သူတစ်ဦးချင်း အဖွဲ့အစည်းတစ်ခုချင်းသာမက နိုင်ငံတော်ကလည်း ဒါကို သင့်လျော်တဲ့ စီမံခန့်ခွဲမှုတွေ ချမှတ်ပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ ၂၀၁၀ ခုနှစ်တုန်းက ကျွန်မတို့ မြန်မာနိုင်ငံမှာ ဆိုးဆိုးရွားရွား ပူပြင်းခြောက်သွေ့ခဲ့တဲ့ အတွက်ကြောင့်မို့လို့ ကျွန်မတို့ နေရာအနှံ့အပြားပဲ ရေတွေ ခမ်းခြောက်ပြီးတဲ့အခါကျတော့ စိုက်ပျိုးရေနဲ့ သောက်သုံးရေတွေလည်း အခက်အခဲတွေ့တယ်။ တချို့ သတ္တဝါတွေဆိုလို့ရှိရင် စားဖို့၊ သောက်ဖို့ သူတို့ နွားတွေ ကျွဲတွေရဲ့ စားသောက်ဖို့ အစားအသောက်တွေပါ ကျွန်မတို့ တော်တော်လေး အခက်အခဲ အကြပ်အတည်း တွေ့ခဲ့တာကို ကျွန်မတို့ တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီကျတော့ ရေအရင်းအမြစ် ထုတ်ယူသုံးစွဲရေးနဲ့ ရေအရင်းအမြစ် စီမံခန့်ခွဲရေးက စောစောက ကျွန်မတို့ ဒီကော်မတီကနေပြီးတော့ ပါတဲ့ လုပ်ငန်းတာဝန်များပေါ့နော် အဲဒီမှာ နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များနှင့်သယံဇာတ ပစ္စည်းများ ထုတ်ယူသုံးစွဲမှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒါက ပါ ပါတယ်။

အဲဒီတော့ ဒီမှာလည်း ရေအရင်းအမြစ်နဲ့ ပတ်သက်တာကို ထည့်ပြီးတော့ ထားပါတယ်။ သို့သော်လည်း ကျွန်မတို့ ရေဝေရေလဲ ဒေသတွေ နောက်ပြီးတော့ နဂိုက ရေရှိနေတဲ့ အင်းလေးကန်လို နေရာမျိုးတွေ နောက်ပြီးတဲ့အခါကျတော့ ကျွန်မတို့ ရေသွင်းပြီးတော့ စိုက်ရမယ့် ဧရိယာတွေ အဲဒါတွေမှာ ထင်သလောက် ရေမသွင်းနိုင်တဲ့အတွက်ကြောင့်မို့လို့ သီးနှံတွေ ထင်သလောက် မထွက်လာတာတွေ နောက်ပြီးတဲ့အခါကျတော့ အင်းလေးကန်လိုနေရာမှာ တဖြည်းဖြည်းနဲ့ နဂိုမူလ ရေလျောင်ကန်ရဲ့ ဧရိယာရှိသင့်တာကနေပြီးတော့ အခုဆိုရင် တော်တော်ကြီး ဆိုးဆိုးရွားရွား ကျဉ်းမြောင်းသွားတာတွေ စသဖြင့် အဲဒါတွေကို ဒီအစီရင်ခံစာမှာ ကျွန်မတို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒီတော့ ကျွန်မတို့ စားနပ်ရိက္ခာဖူလုံရေးနဲ့ပတ်သက်လို့ ကျွန်မတို့ စိုက်ပျိုးရေးအတွက်လည်း အင်မတန် အသုံးဝင်တယ်။

နောက်တစ်ခါကျတော့ သောက်သုံးရေအတွက်လည်း အသုံးဝင်တယ် ဖြစ်တဲ့ ရေကို ကျွန်မတို့ အဓိကထားပြီးတဲ့အခါကတော့ ကျွန်မအနေနဲ့ကတော့ နိုင်ငံတော်ကရော တစ်ဦးချင်းကရော ဒါကို အလေးအနက်ထားပြီးတော့ စဉ်းစားစေချင်တယ်။ စဉ်းစားပြီးတဲ့အခါကျတော့မှ လိုအပ်တဲ့ ပံ့ပိုးမှု တွေကို နိုင်ငံတော်ကလည်း ပေးစေချင်တယ်။ နောက်ပြီးတော့ နိုင်ငံတကာမှာတော့ ကျွန်မတို့ မတ်လ ၂၂ နေ့ဆိုရင် ကမ္ဘာ့ရေနေ့ဆိုပြီးတော့ ကျွန်မ အဲဒါကို ဖတ်ဖူးတယ်။ အဲဒီတော့ ရေအထိမ်းအမှတ်နေ့မှာ အထိမ်းအမှတ်ပွဲတွေ လမ်းတွေတောင်မှ လုပ်တယ်လို့ ကျွန်မ ဖတ်ဖူးတယ်။ အဲဒီကျတော့ကာ ကျွန်မတို့ နိုင်ငံမှာ အခု ရေသယံဇာတ အင်မတန် ပေါများကြွယ်ဝတယ်ဆိုပေမယ့်လည်း ရေဆိုတာ တခြားပစ္စည်း တွေလိုပဲ သူက အချိန်တန်လို့ရှိရင် ရေနံတို့လိုပဲ ကုန်ခမ်းသွား နိုင်တဲ့အခြေအနေမျိုး ရှိတယ်လို့လည်း ပညာရှင်တွေက ပြောကြပါတယ်။ အဲဒီတော့ ကျွန်မတို့ သုံးစွဲတဲ့နေရာမှာလည်း စည်းကမ်းစနစ်တကျ သုံးစွဲရမှာ ဖြစ်တဲ့အပြင် နိုင်ငံတော်အနေနဲ့ကလည်း ဒီရေပေးဝေတဲ့အခါ စိုက်ပျိုးရေးကို ရေသွင်းတဲ့ နည်းစနစ်လည်း ကျွန်မ လေ့လာတွေ့ရှိပါတယ်။ အခု ရေကို ဒီတိုင်း မြေကြီးပေါ်မှာ မြောင်းထဲကနေ ပြီးတော့ သွယ်ပေးလိုက်တာနဲ့ ရေဖြန်းပြီးတော့ ဆောင်ရွက်တဲ့စနစ်နဲ့ဆိုရင် ရေဖြန်းပြီး ဆောင်ရွက်တဲ့ စနစ်က တော်တော်လေး အကျိုးကြီးတယ် ဆိုတာကိုလည်း ကျွန်မ လေ့လာတွေ့ရှိရပါတယ်။

အဲဒီတော့ ကျွန်မတို့ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးမှု စီမံကိန်းရေးရာ ကော်မတီရဲ့ ဆောင်ရွက်ချက်တွေဟာ အင်မတန် ဒီကာလတိုအတွင်းမှာ အများကြီးပဲ နိုင်ငံနဲ့အဝှမ်း ရှိသမျှ စီမံကိန်းတွေအပေါ်မှာ လေ့လာသုံးသပ်ပြီးတော့ ခြုံငုံပြီးတော့ တင်ပြထားတာကို ကျွန်မတို့ အင်မတန် ဝမ်းမြောက်ပါတယ်၊ ဂုဏ်ယူပါတယ်။ သို့သော်ငြားလည်းပဲ ဒီဟာကို အပြည့်အဝ ကျွန်မ ထောက်ခံပါတယ်။ သို့သော် အခု စားနပ်ရိက္ခာဖူလုံမှုနဲ့ ရေအရင်းအမြစ် စီမံခန့်ခွဲမှု နောက်တစ်ခါ ကျတော့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အကုန်လုံး ပါဝင်ပတ်သက်နေတဲ့ ရေနဲ့ပတ်သက်တဲ့ ထုတ်ယူသုံးစွဲမှု ရေသယံဇာတကို ထိန်းသိမ်းမှုကိုတော့ နိုင်ငံတော်ကနေ အလေးအနက်ထားပြီးတဲ့အခါ ကျတော့ သုံးစွဲတဲ့ ငွေကြေးကအစ နောက်တစ်ခါ ပညာရှင်တွေကအစ နောက်တစ်ခါ နည်းပညာက အစ ယခုထက် ပိုမိုတိုးတက်ပြီး အနာဂတ်ကို မျှော်လင့်ပြီးတော့ ဆောင်ရွက်သင့်ပါတယ်လို့ ကျွန်မ အကြံပြုဆွေးနွေးရင်းနဲ့ အမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီရဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် တတိယသုံးလပတ်ကုန်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ်မှာ ထောက်ခံအပ်ပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ခုနှစ်၊ တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၃-၂၀၁၄ခုနှစ်၊ တတိယသုံးလ ပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဒေါ်ရီရီမြင့် (အတွင်းရေးမှူး၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ)** ။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ အမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီရဲ့ ၂၀၁၇-၂၀၁၄ ခုနှစ်၊ တတိယသုံးလပတ်ကုန်ထိ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က အတည်ပြု လက်ခံဆုံးဖြတ်ပေးနိုင်ပါရန်နဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မ ဒေါ်ရီရီမြင့် ကော်မတီအတွင်းရေးမှူး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က အဆို တင်သွင်းအပ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏သဘောထားရယူပါမယ်။ အမျိုးသား လွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ အစီရင်ခံစာကို အတည် ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၀)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသား လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ် မတ်လ ၅ ရက် ဗုဒ္ဓဟူး နေ့တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]